# နှစ်မျိုးစပ်နည်းဖြင့်ကျောင်းတက်ခြင်းနှင့်ပတ်သက်သည့် သတင်းအချက်အလက်များ
# မက်ရာဒစ်အလယ်တန်းကျောင်း ၂၀၂၀

**နှစ်မျိုးစပ်နည်း (hybrid) ဖြင့် စာများပြန်လည်သင်ကြားသည့်အခါ ကျောင်းသူကျောင်းသားများကို ပြန်လည်တွေ့မြင်ကြိုဆိုရမည်ဖြစ်သည့်အတွက် ကျွန်တော်တို့အလွန်ဝမ်းမြောက်ပါသည်။ အစိုးရကျန်းမာရေးဌာန CDC မှထုတ်ပြန်ထားသော စည်းကမ်းများကိုလိုက်နာလုပ်ဆောင်ရမည် ဖြစ်သည့်အတွက် ကျောင်းတက်သည့်အခါ အရာရာတို့သည် ထူးခြားနေသည်ဟု တွေ့မြင်ခံစားရပါမည်။ နှစ်မျိုးစပ်နည်းဖြင့်ကျောင်းတက်သည့်အခါ လိုက်နာရမည့်စည်းကမ်းများကို ရှင်းပြလိုပါသည်။**

## <u>နှစ်မျိုးစပ်နည်း</u>

- **လူကိုယ်တိုင်ကျောင်းလာတက်ရမည့်နေ့များ-** ကျောင်းသားများသည် သူတို့အတွက်သတ်မှတ်ပေးထားသည့်နေ့များတွင် တစ်ပတ်လျှင် ၂ ရက် သို့မဟုတ် ၃ ရက် မက်ရာဒစ် (Meredith) ကျောင်းတွင် ကျောင်းလာတက်ရမည်။ ကျောင်းသားများသည် တစ်နေ့လျှင် ဘာသာရပ် ၆ ခု သင်ကြားရပါမည်။ လူသွားလူလာနှင့် လူချင်းထိတွေ့မှုနည်းအောင် ကျောင်းသားများသည် သူတို့အတွက် သတ်မှတ်ပေးထားသော စာသင်ခန်းတွင်သာနေရမည်။ ဆရာဆရာမများက အလှည့်ကျ အတန်းတို့လာရောက်သင်ကြားပေးပါမည်။
- **အွန်လိုင်းဖြင့် စာသင်ကြားရမည့်နေ့များ-** ကျောင်းသားများသည် စာများကို မဖြစ်မနေ လေ့လာသင်ကြားရပါမည်။ ဆရာဆရာမများက နည်းမျိုးစုံဖြင့် စာသင်ကြားပေးပါမည်။ ထိုနည်းများထဲတွင် ကိုယ့်အစီအစဉ်နှင့်ကိုယ် စာဖတ်ခြင်း၊ လူကိုယ်တိုင်ကျောင်းလာတက်ရမည့်နေ့များတွင် ပြန်လည်လေ့ကျင့်ပေးမှုများ၊ ဆရာဆရာမများနှင့် အွန်လိုင်းတွင်တွေ့ဆုံ၍ သင်ကြားမှုများ စသည်တို့ပါဝင်ပါမည်။ ကျောင်းသားများသည် Teams  သို့မဟုတ် Canvas တို့ကို အသုံးပြုပြီး အွန်လိုင်းဖြင့် စာသင်ကြားရပါမည်။

**<u>နှစ်မျိုးစပ်နည်းဖြင့် ကျောင်းတက်ရမည့်နေ့များ</u>**

နှစ်မျိုးစပ်နည်းဖြင့် ကျောင်းတက်ဖို့ရွေးချယ်ထားသည့် ကျောင်းသားများသည် သူတို့အတွက် သတ်မှတ်ပေးထားသည့်နေ့ရက်များတွင် မက်ရာဒစ်ကျောင်း၌ ကျောင်းလာတက်ရပါမည်။

- **တနင်္လာ - အင်္ဂါ - တစ်ပတ်ခြားတစ်ခါ ဗုဒ္ဓဟူးနေ့တွင် ကျောင်းတက်ရမည်                    သို့မဟုတ်**
- **ကြာသပတေး - သောကြာ -တစ်ပတ်ခြားတစ်ခါ ဗုဒ္ဓဟူးနေ့တွင် ကျောင်းတက်ရမည်**

**<u>ကျောင်းချိန်-</u>            မနက် ၈း၃၀ မှ ညနေ ၃း၂၅**

- ကျောင်းချိန်မဟုတ်သည့်အချိန်များတွင် ဧည့်သစောင့်သည့်နေရာခန်းမများနှင့် စင်္ကြံလမ်းများတွင် ကျောင်းသားများ သွားလာခွင့်မရှိပါ။
- **ကျောင်းတံခါးများကို မနက် ၈း၀၀ တွင်ဖွင့်ပါမည်။** ကျောင်းသားများသည် ကျောင်းရောက်သည့်အခါ သူတို့၏စာသင်ခန်းသို့ တိုက်ရိုက်သွားရပါမည်။
- **ကျောင်းလွှတ်ချိန်မှာ ညနေ ၃း၂၅ ဖြစ်သည်။**

**<u>ကျောင်းသို့လာရောက်ခြင်း</u>**

| On-Time Procedures | | |
|---|---|---|
| **ကျောင်းဘတ်စ်ကားဖြင့်လာသူများအတွက်ဝင်ပေါက်** | **အနောက်ဘက်ခြမ်း ကားရပ်နားသည့်နေရာ** | **၄၇ လမ်း H-M ကားရပ်နားသည့်နေရာ** |
| • ၆ တန်းများက အရှေ့မျက်နှာဘက်ခြမ်းရှိ ကျောင်းမျက်နှာစာအပေါက်မှဝင်ရမည်<br>• ၇ တန်းများက သူတို့စာသင်ခန်းနှင့် အနည်းဆုံး ကျောင်းဘေးအပေါက်မှဝင်ရမည်<br>• ၈ တန်းများက အနောက်မျက်နှာဘက်ခြမ်းရှိ ကျောင်းမျက်နှာစာအပေါက်မှဝင်ရမည်။<br>• မိမိစာသင်ခန်းသို့ တိုက်ရိုက်သွားရန်<br>• စာသင်ခန်းသို့ဝင်သည့်အခါ လက်သန့်စင်ဆေးကို သုံးရန် | • လမ်းလျှောက်လာသူနှင့် မိဘများက လာပို့သူများ<br>• ၇ တန်းကျောင်းသားများဝင်သည့် ကျောင်း အနောက်ဘက်ခြမ်းရှိ အပေါက်မှဝင်ရန်<br>• မိမိစာသင်ခန်းသို့ တိုက်ရိုက်သွားရန်<br>• စာသင်ခန်းသို့ဝင်သည့်အခါ လက်သန့်စင်ဆေးကို သုံးရန် | • လမ်းလျှောက်လာသူနှင့် မိဘများက လာပို့သူများ<br>• ကျောင်း၏တောင်ဘက်ခြမ်းရှိ အပေါက်မှဝင်ရန်<br>• မိမိစာသင်ခန်းသို့ တိုက်ရိုက်သွားရန်<br>• စာသင်ခန်းသို့ဝင်သည့်အခါ လက်သန့်စင်ဆေးကို သုံးရန် |
| **နောက်ကျ၍ ရောက်လာသူများ-** ကျောင်းရုံးခန်းအပေါက်နားရှိ ခေါင်းလောင်းတီးသည့်ခလုတ်ကို နှိပ်ရန်။  ရုံးဝန်ထမ်းက ကျောင်းထဲသို့ပေးဝင်ပြီး ကျောင်းသားများသည် စာသင်ခန်းသို့ တိုက်ရိုက်သွားရန်။ | | |

**စောစောအိမ်ပြန်သည့်သူများ-** မိဘများသည် **၂၄၂-၇၂၆၇ ကို** ဖုန်းခေါ်ရန်။ ကျောင်းသားများကို စာသင်ခန်းမှ ထွက်ခွာပေးမည်။

- လူကိုယ်တိုင်စာသင်ကြားခြင်းအစီအစဉ်ကို သေချာတိကျစွာလုပ်ဆောင်ရမည်ဖြစ်သည့်အတွက် ကျောင်းသားများအားလုံး အချိန်မီလာရောက်၍ စာသင်ကြားဖို့ အဆင်သင့်ဖြစ်နေဖို့ အလွန်အရေးကြီးပါသည်။
- ကျောင်းသားများသည် ကျောင်းတက်ကျောင်းဆင်းချိန်များတွင် ကျောင်းပိုင်နယ်မြေအတွင်းရှိသည့်အခါ မျက်နှာဖုံးဝတ်ရန်နှင့် လူချင်းခပ်ခွာခွာနေရန် လိုအပ်သည်။
- ကျောင်းကြိုကျောင်းပို့လုပ်သည့် မိဘများနှင့် အုပ်ထိန်းသူများသည် သူတို့၏ကားထဲတွင်သာ စောင့်ကြရပါမည်။

## <u>ကျောင်းဆင်းချိန်</u>

- ညနေ ၃း၂၅ တွင် ကျောင်းဆင်းပါမည်။ အတတ်နိုင်ဆုံး လူချင်းခပ်ခွာခွာနေဖို့ လုပ်ဆောင်သွားပါမည်။
- ကျောင်းဆင်းချိန် ကျောင်းအဆောက်အဦးပြင်ပတွင်လည်း မျက်နှာဖုံးတပ်ဖို့လိုအပ်ပါသည်။
- မောင်နှမနှင့် ကားအတူစီးသူများသည် ကျောင်းအဆောက်အဦးနှင့် ခပ်ဝေးဝေးနေရာ ကျောင်းပြင်ပတွင် ဆုံကြဖို့လိုသည်။
- ဟူးဗားအထက်တန်းနှင့် မက်ရာဒစ် အလယ်တန်းကြားရှိ စင်္ကြံလမ်းတွင် ကျောင်းသားများ လှမ်းလျှောက်သွားလာခွင့်မရှိပါ။
- ကျောင်းတက်ရသည့်နေ့များတွင် ကျောင်းသားများသည် အွန်လိုင်းဖြင့်စာသင်ရမည့်နေ့များတွင် စားသောက်နိုင်ဖို့ အစားအစာအပိုများ ရရှိကောင်းရရှိကြပါမည်။ ကျောင်းသားများကို ကြို၍အသိပေးပါမည်။
- ကျောင်းသားများသည် ကျောင်းပြင်ပထွက်ပြီးသွားလျှင် အထဲသို့ ပြန်ဝင်ခွင့်ရချင်မှရပါမည်။
- ဆရာဆရာမ၊ အားကစားနည်းပြဆရာ သို့မဟုတ် အစီအစဉ်တစ်ခုကို ကမကထပြုသူတစ်ဦးဦးနှင့်အတူမရှိပါက **ညနေ ၃း၄၅ နောက်ပိုင်းတွင် မည်သည့်ကျောင်းသားမျှ ကျောင်းထဲတွင် သွားလာခွင့် မရှိပါ။**

## <u>မျက်နှာဖုံးဝတ်ရန် လိုအပ်သည်</u>

- မနက်နှင့် နေ့လည်စာစားချိန် သို့မဟုတ် မျက်နှာဖုံးမဝတ်ရန် အတိအကျသတ်မှတ်ထားသည့်အချိန်မှလွဲ၍ လူတိုင်း ပါးစပ်နှင့် နှာခေါင်းကို ဖုံးသော မျက်နှာဖုံးကို ဝတ်ဖို့လိုအပ်ပါသည်။
- လည်စည်းပဝါနှင့် gator ဟုခေါ်သော လည်ကတုံးပုံစံ မျက်နှာဖုံးတို့ကို ဝတ်ခွင့်မရှိပါ။
- ကျန်းမာရေးကြောင့် မျက်နှာဖုံးမဝတ်ခွင့် တောင်းဆိုလိုသူများသည် ကျန်းမာရေးဆိုင်ရာစာရွက်စာတမ်းများကို ကျောင်းနပ်စ်မထံတင်ပြရမည်။
- မျက်နှာတစ်ခုလုံးကိုဖုံးသော မျက်နှာဖုံးကို ပါးစပ်၊ နှာခေါင်းကိုဖုံးသော မျက်နှာဖုံးနှင့် လဲ၍သုံးခွင့်မရှိသော်လည်း နှစ်ခုလုံးကို တွဲ၍ အသုံးပြုခွင့်ရှိပါသည်။

## <u>လက်ဆေးခြင်း</u>

- ဝန်းထမ်းများက ကျောင်းသားများကို မကြာခဏ လက်ဆေးရည်ကိုအသုံးပြုဖို့ အားပေးတိုက်တွန်းပါမည်။
- လက်ဆေးရည်များကို စာသင်ခန်းတိုင်းနှင့် ကျောင်းအဆောက်အဦးနေရာတိုင်းတွင် ထားပေးပါမည်။
- ကျောင်းသားများကို သတိပေးသည့်အနေနှင့် အိမ်သာထဲတွင် လက်များကို ကောင်းစွာမည်သို့ဆေးကြောရမည်ဆိုသည့် ဆိုင်းဘုတ်များကို ကပ်ထားပါမည်။

## <u>သောက်ရေပန်းစဉ်</u>

- အားကစားသတန်းစင်္ကြံလမ်းရှိ သောက်ရေပန်းစဉ်မှလွဲ၍ သောက်ရေပန်းစဉ်များအားလုံးကို ပိတ်ထားသည်။
- ကျောင်းသားများသည် ရေဖြည့်ထားသည် မိမိကိုယ်ပိုင်ရေဗူးများကိုယူလာပြီး နေ့စဉ်အိမ်သို့ပြန်ယူသွား၍ ဆေးကြောကြရပါမည်။

## <u>အိမ်သာ</u>

- ကျောင်းသားများသည် နေ့လည်စာစားချိန်နှင့် အိမ်သာသုံးခွင့်ပြုချိန်များတွင်သာ အိမ်သာများကို အသုံးပြုနိုင်ပါသည်။
- အိမ်သာသုံးသူဦးရေကို ကန့်သတ်ထားပါမည်။ လူချင်းခပ်ခွာခွာနေနိုင်အောင် အလယ်တွင်ရှိသည့် အိမ်သာခွက်နှင့် လက်ဆေးကန်တို့ကို အသုံးမပြုရန်အမှတ်အသားများပြုလုပ်ထားပါမည်။
- ကျောင်းသားများကို သတိပေးသည့်အနေနှင့် အိမ်သာတွင်းရှိရမည့်လူဦးရေနှင့် လက်ဆေးခြင်းနည်းလမ်း ဆိုင်းဘုတ်များကို ကပ်ထားပါမည်။
- အိမ်သာကို မကြာခဏပိုးသတ်သန့်စင်ခြင်းကိုလည်း အမြဲလုပ်ဆောင်သွားပါမည်။

**<u>ပစ္စည်းများသိမ်းရန် ဗီရိုငယ်</u>** ယခုနှစ်တွင် မိဘ/အုပ်ထိန်းသူများက မတောင်းဆိုလျှင်၊ ကျောင်းကြီးကြပ်ရေးမှူးက မညွှန်ကြားလျှင် ကျောင်းသားများအတွက် ပစ္စည်းသိမ်းရန် ဗီရိုငယ်ကို စီစဉ်ပေးမည်မဟုတ်ပါ။

**<u>မနက်စာနှင့် နေ့လည်စာ</u>**

- ကျောင်းသားများ ခလုတ်ကိုထိစရာမလိုရန် စားသောက်ခန်းဝန်ထမ်းများကပဲ ကျောင်းသားကဒ်များကို စကဲန် (scan) ပြုလုပ်ပေးသွားပါမည်။
- နေ့တိုင်း မနက်စာများကို ယူ၍ စာသင်ခန်းတွင် စားသောက်နိုင်ပါသည်။ ကျောင်းသားများသည် သူတို့အတွက်သတ်မှတ်ပေးထားသည့် ထိုင်ခုံတွင်ထိုင်၍ စားသောက်ရပါမည်။
- နေ့လည်စာကို စားသောက်ခန်းတွင် ကျွေးပါမည်။ ကျောင်းသားများ ခပ်ခွာခွာနေနိုင်ရန် စားသောက်ခန်းထိုင်ခုံများတွင် တံဆိပ်များကပ်ထားပါမည်။
- လူချင်းထိတွေ့မှုကို ပြန်၍ခြေရာခံလိုက်နိုင်ရန် ကျောင်းသားများသည် သူတို့အတွက်သတ်မှတ်ထားသည့်ထိုင်ခုံတွင်သာ ထိုင်ကြရပါမည်။

**<u>စင်္ကြံလမ်း</u>**

- ကျောင်းသားများ စင်္ကြံလမ်းတွင် သွားလာခြင်းကို ကန့်သတ်ထားပြီး အမြဲစောင့်ကြည့်သွားပါမည်။
- ကျောင်းသားများသည် ပါးစပ်နှင့် နှာခေါင်းကိုဖုံးသော မျက်နှာဖုံးတပ်ရပါမည်။
- ကျောင်းသားများသည် အနည်းဆုံးလက်တစ်လှမ်းစာလောက်ခြား၍ သင့်လျော်မည့်လူခြင်းခပ်ခွာခွာနေခြင်းကိုစည်းကမ်းကို လိုက်နာကြရပါမည်။
- ကျောင်းသားများသည် စင်္ကြံလမ်းတွင် လူစုရုံးခြင်း လုပ်ခွင့်မရှိပါ။ သူတို့သွားလိုသည့်နေရာသို့ မရပ်မနားဘဲသွားလာကြရပါမည်။

**<u>စာသင်ခန်း</u>**

- ကျောင်းသားများသည် တစ်နေ့တာလုံး အတတ်နိုင်ဆုံး ကျောင်းသားအုပ်စုတစ်စုနှင့်သာ ရှိနေရပါမည်။
- သွားလာလုပ်ရှားမှုနှင့် ထိတွေ့မှုကို လျှော့နည်းစေရန် ကျောင်းသားများက သူတို့အတွက် သတ်မှတ်ထားသည့်စာသင်ခန်းတွင်သာနေ၍ ဆရာဆရာမများက အလှည့်ကျလာရောက်စာသင်ကြားကြမည်။ ထိုသို့လုပ်ရန်မဆင်မပြေသည့်ဘာသာရပ်များတွင်တော့ ကျောင်းသားများက ဆရာဆရာများရှိရာစာသင်ခန်းတို့သွားရမည်။
- ကျောင်းသားများသည် အတတ်နိုင်ဆုံးလူချင်းခပ်ခွာခွာနေ၍ သတ်မှတ်ထားသည့်နေရာတွင် မျက်နှာစာတစ်ဘက်သို့သာ မျက်နှာမူကာ ထိုင်ကြရပါမည်။
- ရောဂါကူးစက်မှုနည်းရန်နှင့် လူခြင်းထိတွေ့မှုကို ခြေရာခံလိုက်နိုင်ရန် ကျောင်းသားများသည် သူတို့အတွက်သတ်မှတ်ထားသောနေရာတွင်သာ နေကြရန်မျှော်လင့်ပါသည်။
- ဆရာဆရာမများသည် ကျောင်းသူကျောင်းသားများနှင့်အနီးကပ်နေခြင်းကို ရှောင်ရှားကြရပါမည်။
- နေ့တိုင်း စားပွဲတင်ကွန်ပျူတာ၊ ထိတွေ့မှုများသည့်ပစ္စည်းနှင့်နေရာများတို့ကို ပိုးသတ်ဆေးရည်များဖြင့် သန့်စင်မှုပြုလုပ်သွားပါမည်။

**<u>EMERGENCY DRILLS</u>**

- Fire Drill: Each cohort will participate in one fire drill during 1st semester.
- Tornado Drills: Each student will be instructed what to do in case of a tornado using a virtual platform.
- Lockdown Drills: Internal and External Lockdown drills will be conducted.

**<u>ကျောင်းကထုတ်ပေးသော ကျောင်းသားကဒ်</u>**

- ကျောင်းသားများသည် ကျောင်းတွင်ရှိသည့်အချိန်တွင် ကျောင်းမှထုတ်ပေးထားသော ကျောင်းသားကဒ်လည်ဆွဲကို အမြဲဝတ်ထားရပါမည်။
- ကိုဗစ်-၁၉ ရောဂါမကူးစက်အောင် မနက်စာနှင့် နေ့လည်စာစားချိန်များတွင် လက်နှိပ်ခလုတ်စက်ကိုမသုံးဘဲ ကျောင်းသားကဒ်များကို စကဲန်ဖတ်သည့်စက်ဖြင့် ဖတ်သွားပါမည်။

**<u>ပထမသင်တန်းကာလ အချိန်ဇယား</u>**

**ပထမသင်တန်းကာလ- ဩဂုတ် ၂၆ မှ အောက်တိုဘာ ၃၀၊ ၂၀၂၀**

**ဒုတိယသင်တန်းကာလ- နိုဝင်ဘာ ၄ မှ ဇန်နာဝါရီ ၁၅၊ ၂၀၂၁**

| 6th Grade | | | 7th Grade | | | 8th Grade | | |
|---|---|---|---|---|---|---|---|---|
| 1 | 8:30-9:30 | 60 | 1 | 8:30-9:30 | 60 | 1 | 8:30-9:20 | 50 |
| 2 | 9:34-10:21 | 47 | 2 | 9:34-10:34 | 60 | 2 | 9:24-10:24 | 60 |
| 3 | 10:25-11:25 | 60 | 3 | 10:38-11:25 | 47 | Advisory | 10:28-10:58 | 30 |
| Advisory | 11:25-11:55 | 30 | 4 | 11:29-12:29 | 60 | Lunch | 10:58-11:28 | 30 |
| Lunch | 11:55-12:25 | 30 | Advisory | 12:29-12:59 | 30 | 3 | 11:32-12:17 | 45 |
| 4 | 12:29-1:29 | 60 | Lunch | 12:59-1:29 | 30 | 4 | 12:21-1:20 | 59 |
| 5 | 1:33-2:21 | 48 | 5 | 1:33-2:33 | 60 | 5 | 1:24-2:23 | 59 |
| 6 | 2:25-3:25 | 60 | 6 | 2:37-3:25 | 48 | 6 | 2:27-3:25 | 58 |
| | | | Central 8:30-10 | | | *Central 12:15-3:25* | | |

- ကျောင်းသားများသည် အဓိကဘာသာရပ် ၄ ခုကို နေ့စဉ်တက်ရမည် - Math, Science, Individuals & Societies, and Language & Literature.
- ကျောင်းသားများသည် အဓိကဘာသာရပ်နှင့်သက်ဆိုင်သော ဘာသာရပ် ၂ ခုကို နေ့စဉ်တက်ရမည် - PE, Health, Visual Art, Technology, Spanish, and Performing Art.
- အဓိကဘာသာရပ်နှင့်သက်ဆိုင်သည့်ဘာသာရပ်များကို တစ်လှည့်စီတက်ရမည်ဖြစ်၍ သင်တန်းကာလနတစ်ခုတွင် ၂ ဘာသာစီတက်ရပါမည်။
- မြို့ထဲမှ Central Academy ကျောင်းတွင် အတန်းတက်ရန်စာရင်းပေးထားသော ကျောင်းသားများသည် ထိုကျောင်းမှအတန်းကို မက်ရာဒစ်ကျောင်းမှတဆင့် အွန်လိုင်းဖြင့်သာ တက်ကြရမည်ဖြစ်ပြီး ဆရာဆရာတစ်ဦးဦးက ကြီးကြပ်ပေးသွားပါမည်။

**<u>ကွန်ပျူတာနှင့်ပတ်သက်သည့်အကူအညီ</u>**

- ကွန်ပျူတာနှင့်ပတ်သက်၍ ပြဿနာတစ်စုံတစ်ခုကြုံတွေ့ပါက ဆရာဆရာမတစ်ဦးဦးကို ဆက်သွယ်ပါ။ အသေးအဖွဲပြဿနာကို ဆရာဆရာမများက ကူညီပေးနိုင်မည်ဖြစ်ပြီး လိုအပ်ပါက ထပ်ဆင့်အကူအညီများရယူရန် ညွှန်ကြားပေးသွားပါမည်။
- ကျောင်းသားမိဘများသည် ကွန်ပျူတာပြဿနာနှင့်ပတ်သက်၍ အကူအညီတောင်းဆိုနိုင်မည့် ဖုန်းနံပါတ် ၅၁၅-၂၄၂-၈၂၂၁ ကို မနက် ၈ နာရီမှ ညနေ ၄ နာရီကြားတွေ ခေါ်ဆိုနိုင်ပါသည်။

**<u>DART ဘတ်စ်ကား</u>**

- ဘတ်စ်ကားတစ်စီးလျှင် စီးသူ ၃၀ ထက်ပို၍မတင်ပါ။ သို့သော်လည်း လူချင်းခပ်ခွာခွာလူခြင်းနှင့်ပတ်သက်၍ DART ဘတ်စ်ကားကုမ္ပဏီက အာမ မခံနိုင်ပါ။
- မျက်နှာဖုံးများ ဝတ်ရပါမည်။
- ကျောင်းမှ နှစ်မိုင်နှင့် နှစ်မိုင်ထက်ဝေးသောနေရာတွေနေသော မက်ရာဒစ်ကျောင်းနယ်နိမိတ်အတွင်းတွင်ရှိသည့် ကျောင်းသားများသည် ဘတ်စ်ကားစီးရန် စတစ်ကာတစ်ခုရမည်ဖြစ်သည်။
- စတစ်ကာရှိသူများသာ သူတို့၏ကျောင်းသားကဒ်ကိုသုံးပြီး ကျောင်းရှိသည့်နေ့များတွင် ကျောင်းမစမီနှင့် ကျောင်းပြီးနောက်အချိန်များတွင် ဘတ်စ်ကားစီးနိုင်ပါမည်။။
- ဒီမောရိအစိုးရစာသင်ကျောင်းများမှာ ကျောင်းသားများသည် သူတို့၏ကျောင်းသားကဒ်ဖြင့် အောက်ပါနေ့ရက်/အချိန်များတွင် ဘတ်စ်ကားစီးနိုင်ပါသည်-

    တနင်္လာမှသောကြာ ညနေ ၄း၃၀ နောက်ပိုင်း
    စနေ၊ တနင်္ဂနွေ / အားလပ်ရက် / နွေဦးအားလပ်ရက် / ဆောင်းတွင်းအားလပ်ရက်
    နွေရာသီအားလပ်ရက် - တစ်နေကုန် - ကျောင်းပြန်ဖွင့်သည့်အထိ

**<u>ကျောင်းခေါ်ချိန်နှင့်ပတ်သက်၍ လူကိုယ်တိုင်ကျောင်းလာတက်ရမည့်နေ့များ</u>**

- ကျောင်းလာတက်မည့် ကျောင်းသားများသည် ကျန်းမာရမည်။
- နေမကောင်းသည့်ကျောင်းသားများ၊ ကိုဗစ်-၁၉ ရောဂါရှိသူနှင့် နေထိုင်သော ကျောင်းသားများသည် အိမ်တွင်သာနေ၍ **ကျောင်းရုံးခန်းအား ၅၁၅-၂၄၂-၇၂၆၇** ကို ဖုန်းခေါ်ဆက်သွယ်ပြီး ကျောင်းပျက်ရသည့်အကြောင်းရင်းကို အကြောင်းကြားရမည်။
- ဆရာဆရာများသည် အတန်းချိန်တိုင်းတွင် ကျောင်းတက်သူဦးရေကို စာရင်းကောက်ပါလိမ့်မည်။
- ကျောင်းကိုနောက်ကျမှရောက်လာသော ကျောင်းသားများသည် အဆောက်အဦးအတွင်းသို့ဝင်ပြီးသည်နှင့် မိမိ၏စာသင်ခန်းသို့ ချက်ချင်းသွားရမည်။

**<u>ကျောင်းခေါ်ချိန်နှင့်ပတ်သက်၍ အွန်လိုင်းတက်သည့်နေ့များတွင် ပါဝင်မှု</u>**

- ပါဝင်မှုဆိုသည်မှာ ကျောင်းသားများသည် သင်ကြားနေသည့်အကြောင်းအရာများတွင် တက်တက်ကြွကြွပါဝင်ခြင်းကို ဆိုလိုပါသည်။ ကျောင်းသားများသည် တစ်နေ့တာအတွင်းတွင် နည်းမျိုးစုံဖြင့်ပါဝင်နိုင်ပါသည်။
- ဆရာဆရာမများသည် ကျောင်းသား၏နေ့စဉ်ပါဝင်မှုကို **အလုပ်လုပ်သည့်နောက်တစ်နေ့ နေ့လည်အချိန်တွင်** မှတ်တမ်းတင်ရပါမည်။
- ပါဝင်သည်ဟု မှတ်တမ်းတင်နိုင်ရန် ကျောင်းသားများသည် အောက်ပါအချက်တို့မှ အနည်းဆုံးတစ်ချက်နှင့် ကိုက်ညီမှုရှိရမည်-

  ***SL - စာသင်ကြားချိန်တွင်ပါဝင်မှု*** (ကျောင်းသားသည် အုပ်စုလိုက်လုပ်သည့်နေ့စာများကို အုပ်စုနှင့်တချိန်တည်းလုပ်သည်ဖြစ်စေ၊ ရုပ်သံမှတ်တမ်းတင်ရိုက်ကူး၍ဖြစ်စေ ပါဝင်ခြင်း)

  ***CV - Canvas တွင် စာလုပ်၍ ပါဝင်ခြင်း*** (ကျောင်းသားများသည် canvas တွင် ဖော်ပြထားသည် စာများကိုလုပ်၍ ပါဝင်ခြင်း)

  ***WS - စာများကိုလုပ်၍ တင်သွင်းခြင်း*** (ကျောင်းသားများသည် စာလုပ်ပြီးကြောင်း စာများကိုတင်သွင်း၍ သက်သေပြခြင်း)

  ***OH - ရုံးချိန် အစည်းအဝေး*** (သင်ကြားသည့်အကြောင်းအရာများနှင့်ပတ်သက်၍ ကျောင်းသားများသည် ဆရာဆရာမ တစ်ဦးချင်း တွေ့ဆုံ/စကားပြောခြင်း)
- ကျောင်းသားများသည် အထက်ဖော်ပြပါအချက်အလက်များမှ တစ်ခုနှင့်မှမကိုက်ညီပါက နေ့စဉ်ကျောင်းခေါ်ချိန်မှတ်တမ်းတွင် ***မပါဝင် (NP)*** ဟု မှတ်တမ်းတင်ပါလိမ့်မည်။

**<u>ပညာရေးဆိုင်ရာ ရိုးသားမှုနှင့်ပတ်သက်သော စည်းမျဉ်း</u>**

**ဒဿနအမြင်**

ပညာရေးဆိုင်ရာ ရိုးသားမှုဆိုသည်မှ လူတစ်ဦးအား သမာဓိရှိရန်အားပေးပြီး ပညာသင်ကြား၊ သင်ယူ၊ စစ်ဆေးရာတွင် ထိရောက်သည့်လုပ်ဆောင်မှုဖြစ်သော လူ့ကျင့်ဝတ်တန်းဖိုးနှင့် အရည်အသွေးများဖြစ်သည်။ ဟူးဗားအထက်တန်းနှင့် မက်ရာဒစ်အလယ်တန်းကျောင်းတို့သည် ပညာရေးဆိုင်ရာ ရိုးသားမှုကို အလွန်တန်ဖိုးထားပါသည်။ ရိုးသားမှုကို ကျောင်းသားတိုင်းထံမှ မျှော်လင့်ပြီး ပညာရေးဝန်ထမ်းနှင့် ကျောင်းပတ်ဝန်းကျင်အသိုင်းအဝန်းမှလည်း နမူနာပြ ထိန်းသိမ်းပေးကြပါသည်။ IB ကျောင်းရှိ စာသင်သားများအနေနှင့် အောက်ပါအချက်တို့ကို အလေးပေးစေလိုပါသည်-

  - ကိုယ်ကျင့်တရား – စာသင်သားများသည် အခြားသူများ၏ထင်မြင်ချက်အတွေးအခေါ်နှင့် လုပ်ဆောင်မှုတို့ကို အသိအမှတ်ပြု မှတ်တမ်းတင်ရမည်
  - ဂရုစိုက်မှု – စာသင်သားများသည် သူတို့၏တွေးခေါ်လုပ်ဆောင်မှုတို့ကို ဂုဏ်ယူသင့်သည်
  - အလေးထားမှု – စာသင်သားများသည် သူတို့၏ကိုယ်ပိုင်လုပ်ဆောင်မှုပေါ်မူတည်ပြီး တန်းဖိုးဖြတ်သင့်သည်
  - အတွေးအခေါ်ပညာရှင် – စာသင်သားများသည် သူတို့၏ကိုယ်ပိုင် ထင်မြင်ချက်နှင့် တွေးခေါ်ချက်တို့ကို ပြုစုပျိုးထောင်သင့်သည်

**အဓိပ္ပါယ် ဖွင့်ဆိုချက်**

**ပညာရေးဆိုင်ရာ ရိုးသားမှုက** လူတစ်ဦးအား သမာဓိရှိရန်၊ ကိုယ်ပိုင်အတွေးအခေါ်ကို သုံးရန်နှင့် အခြားသူများ၏လုပ်ဆောင်မှုကို အသိအမှတ်ပြုရန် အားပေးသည်
**ခိုးယူကူးချမှု** ဆိုသည်မှာ အခြားသူတစ်ဦး၏စာသား သို့မဟုတ် အတွေးအခေါ်တို့ကို ကူးယူအသုံးပြုပြီး ထိုသူကို အသိအမှတ်ပြုဖော်ပြခြင်းမရှိသည်ကို ဆိုလိုသည်။
**လိမ်လည်မှု** ဆိုသည်မှာ အမှတ်ရရန် ခွင့်မပြုထားသည့်အရင်းအမြစ်များကို သုံးခြင်း၊ မူရင်းမဟုတ်သည့် စာသားများကိုသုံးခြင်းနှင့် တက်နိုလိုဂျီကို အလွဲသုံးစားပြုခြင်း စသည့်နည်းတို့ဖြင့် မမျှတစွာ အသာစီးရဖို့ ကြိုးစားခြင်းကိုဆိုလိုသည်။
**ကူးယူခြင်း** ဆိုသည်မှာ အခြားသူတစ်ဦးအတွက် အဖြေ သို့မဟုတ် စာတို့ကို ကူးယူခြင်း သို့မဟုတ် အခြားသူကို စာများကူးယူခွင့်ပြုခြင်းကို ဆိုလိုသည်။

**တာဝန်နှင့် ဝတ္တရား**

**ဆရာဆရာမများ**

- စာသင်ယူလုပ်ဆောင်ရန် စည်းမျဉ်းများကို ရှင်းလင်းစွာဖော်ပြပေးရန်
- စာသင်ယူသူများအား အရင်းအမြစ်များကို မည်သို့ကိုးကားဖော်ပြနိုင်ပုံနှင့် ခိုးယူကူးချခြင်းကို  မည်သို့ရှောင်ရှားနိုင်ပုံတို့ကို သင်ကြားပေးရန်
- ပညာရေးဆိုင်ရာ ရိုးသားမှုကို လေ့ကျင့်နမူနာပြပေးရန်
- ကြီးမားသည့်တာဝန်များကို ခွဲ၍ပေးရန်

**သင်ယူသူများ**

| **လုပ်သင့်သည့်အရာ** | **မလုပ်ဆောင်သင့်သည့်အရာ** |
|---|---|
| ကိုယ်ပိုင်မူရင်းစာများကို တင်ပြရန် | အခြားသူများကို ကူးယူရန် ခွင့်ပြုခြင်း |
| အခြားသူများ၏ကြိုးစားအားထုတ်ဖန်တီးထားမှုကို လေးစားရန် | အခြားသူများအတွက် စာလုပ်ပေးခြင်း |
| အခြားမှကူးယူထားပါက ရေးသားသူကို ကိုးကားဖော်ပြပေးရန် | လိမ်လည်လိုသည့်ရည်ရွယ်ချက်ဖြင့် တက်နိုလိုဂျီများကို အသုံးပြုခြင်း |
| အတူပူးပေါင်းလုပ်ဆောင်ထားမှုကို အသိအမှတ်ပြုရန် | အခြားသူများထံမှ ကူးချခြင်း |
| ကိုးကားရာတွင် ကိုးကာဖော်ပြထားသည့်စည်းမျဉ်းနည်းအတိုင်းဖော်ပြရန် | ကူးယူခြင်း |

**မိဘများ**

- စာသင်သားများကို သူတို့၏ကိုယ်ပိုင်တွေးခေါ်မှုနှင့် စာများကိုသာ တင်ပြဖို့ ခွင့်ပြုအားပေးပါ
- ကျောင်း၏ပညာရေးဆိုင်ရာ ရိုးသားမှုစည်းမျဉ်းအကြောင်းကို နားအောင်လုပ်ပြီး အားပေးထောက်ကူပါ

**လုပ်ထုံးလုပ်နည်းနှင့် အကျိုးဆက်**

ပညာရေးတွင် ရိုးသားမှုမရှိကြောင်း သံသယရှိပါက စည်းကမ်းချိုးဖောက်မှုရှိမရှိဆိုသည်ကို စုံစမ်းစစ်ဆေးပါမည်။ ပညာရေးတွင် ရိုးသားမှုမရှိကြောင်းစုံစမ်းတွေ့ရှိပါက မရိုးသားမှုကို မှတ်တမ်းတင်မည်ဖြစ်ပြီး ကျောင်းသားအနေနှင့် စာများကိုပြန်လုပ်ရပါမည်။ အကြိမ်ကြိမ်စည်းကမ်းချိုးဖောက်မှု သို့မဟုတ် ကြီးလေးသည့်အပြစ်ကျူးလွန်မှုဖြစ်ပါက ဒီမောရိအစိုးရစာသင်ကျောင်းမှဖော်ပြထားသော အကျင့်အကြံပိုင်းဆိုင်ရာစည်းမျဉ်းများနှင့်အညီ အရေးယူလုပ်ဆောင်သွားပါမည်။

**<u>ကျန်းမာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ</u>**

- ကျောင်းသားများနှင့် ဝန်ထမ်းများ၏ကျန်းမာရေးကိစ္စများကို ကူညီပေးရန် မက်ရာဒစ်အလယ်တန်းကျောင်းတွင် ကျောင်းနပ်စ်မတစ်ယောက် အချိန်ပြည့်ရှိပါသည်။
- အရေးပေါ် ဖြစ်လာပါက ဝန်ထမ်းတစ်ဦးက နပ်စ်မနှင့် တွေ့ခွင့်ရဖို့ ချက်ချင်းဆက်သွယ်ပါလိမ့်မည်။
- ကိုဗစ်-၁၉ ရောဂါမပြန့်နှံ့စေရန် နပ်စ်မရုံးခန်းထဲတွင် လူဦးရေအကန့်အသတ်ဖြစ်သာသွားရန် အစီအစဉ်ရေးဆွဲထားပြီးဖြစ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါရှိမည်ဟုသံသယရှိသည့်ကျောင်းသားကို နပ်စမကစစ်ဆေးပါလိမ့်မည်။ ထို့နောက် မိဘများကို အကြောင်းကြားပေးပါမည်။
- ကူးစက်ရောဂါလက္ခဏာရှိသည့်ကျောင်းသားများကိုထားရန် ကျောင်းရုံးခန်းနားတွင် သီးသန့်ခွဲထားရန်အခန်းတစ်ခုရှိပါလိမ့်မည်။ ကျောင်းသားများကို သီးသန့်ခွဲထားလိမ့်မည်ဖြစ်ပြီး မိဘ သို့မဟုတ် အုပ်ထိန်းသူတစ်ဦးက ဖြစ်နိုင်လျှင် အမြန်ဆုံးလာခေါ်ရပါမည်။
- ကျောင်းချိန်အတွင်းတွင် ကျောင်းသားများ အသေးအဖွဲ ဖူးနာမှု၊ ထိခိုက်နာကျင်မှုရှိပါက ဆရာဆရာမများက နပ်စ်မနှင့်တွေ့ဖို့ စီစဉ်ပေးပါလိမ့်မည်။ ကျောင်းသားများသည် နပ်စ်မထံသို့ စကြိုလမ်းမှတဆင့် ကိုယ်ဖာသာကိုယ်သွားလာခြင်းများကို ခွင့်ပြုတော့မည်မဟုတ်ပါ။
- ကျန်းမာရေးလေ့ကျင့်ခန်းမလုပ်ဖို့ ခွင့်ပြုချက်ဆေးစာများကို အတန်းပိုင်ဆရာဆရာမထံသို့ပို့ရပါမည်။ အတန်းပိုင်ဆရာမကတဆင့် နပ်စ်မထံပို့ပြီး ဆေးစာကို အတည်ပြုပေးရပါမည်။
- နပ်စ်မရုံးခန်းအတွင်းမ အိမ်သာကို နပ်စ်မက ကြည့်ရှုကုသပေးနေသည့်ကျောင်းသားများသာ အသုံးပြုခွင့်ရှိမည်။
- ကျောင်းချိန်အတွင်းတွင် ကျန်းမာရေး/သွား/မျက်စိအတွက် ရက်ချိန်းများရှိပါက မိဘ သို့မဟုတ် အုပ်ထိန်းသူများက **၅၁၅-၂၄၂-၇၂၆၇ သို့ဖုန်းခေါ်ပြီး** ကျောင်းကို အကြောင်းကြားရပါမည်။
- ဒဏ်ရာကြောင့် ဆရာဝန်ပြရမည် သို့မဟုတ် ကျောင်းပျက်မည်ဆိုပါက ၅၁၅-၂၄၂-၇၂၆၇ သို့ဖုန်းခေါ် ပြီး ကျောင်းကို အကြောင်းကြားရပါမည်။ ကျောင်းခေါ်ချိန်ကိုစစ်ဆေးသော ရုံးဝန်ထမ်းက နပ်စ်မကို အကြောင်းကြားပေးပါလိမ့်မည်။
- ကျောင်းခရိုင်၏စည်းကမ်းအရ ဆေးများအားလုံးကို နပ်စ်မရုံးခန်းတွေသာ သိမ်းထားရပါမည်။ ရင်ကြပ်ရောဂါအတွက် ကျောင်းချိန်အတွင်းတွင် အသက်ရှုဖူးသယ်ဆောင်အသုံးပြုသော ကျောင်းသားများသည် ဆရာဝန်ထံမှခွင့်ပြုချက်စာကို နှစ်စဉ်တင်ပြဖို့လိုအပ်ပါသည်။ ကျောင်းနှစ်တစ်နှစ်အတွင်းတွင် ကျောင်းသားတစ်ဦးသည် မိဘ၏ခွင့်ပြုချက်ဖြင့် Acetaminophen သို့မဟုတ် Ibuprofen အကိုက်အခဲပျောက်ဆေးကို ၅ ကြိမ်သောက်ခွင့်ရှိသည်။

# Parent COVID-19 Pandemic Guidelines

Des Moines Public Schools

DMPS follows the Iowa Department of Public Health, Polk County Public Health, and the CDC to provide guidelines to determine when a student is well enough to attend school during the COVID-19 pandemic. The guidance will be modified to meet appropriate public health and safety needs, as necessary. These guidelines are for anyone entering a DMPS building or attending a DMPS event.

The general message to families, students, and staff is to **STAY HOME** if you are not feeling well during the COVID-19 Pandemic. Please consider the following:

- Plan ahead to arrange how your child will be cared for if they stay home, or need to go home from school due to illness.
- Notify the School Nurse if your child is ill and will not be at school. Please report all symptoms.
- Notify the School Nurse if your child is positive for COVID-19 OR has been in close contact with someone with COVID-19.
- Always notify the school office if your child's emergency contact information changes.

**TIP: Monitor your student's symptoms daily with the student symptom tracker**

**ATTENTION**: If your student has a chronic health condition, please touch base with your family physician, and prepare a plan in advance that sets clear parameters in case they develop COVID 19 symptoms. We want you and your student to be as prepared as possible to return to school.



***Need help finding a Health Care Provider? The School Nurse can assist! Call or schedule an appointment*** HERE!

It is important that we stay vigilant as a community to protect everyone's health. Please Remember:

- **Students are required to wear a face covering to school**
- **Students are to follow social distancing guidelines**
- **Contact your School Nurse with ANY questions or concerns!**

Created 7/24/2020

DesMoines PUBLIC SCHOOLS

## School Attendance Guidance Flowchart

Please use the student symptom tracker to document your child's health each day. It is available on the district website.

### Can my child go to school today?

**Do you believe that your child or a family member may have been in contact with an individual who tested positive for COVID-19?**

**Yes:**

- Your child should **stay at home**
- Please inform the school
- Call your doctor
- Clearance by a health care provider is required upon return to school

**No:**

Is your child experiencing any of the following symptoms?

- Fever or Chills (within past 24 hours without the aid of fever reducing medications like Tylenol, Acetaminophen, Ibuprofen or Advil
- Cough
- Shortness of Breath
- Fatigue
- Muscle or Body Aches
- Headache
- Sore Throat
- New Loss of Smell or Taste
- Sore Throat
- Congestion or Runny Nose
- Nausea or Vomiting,
- Diarrhea

**Yes:**

- Your child should **stay at home**
- Inform the school
- Rest and recover
- Call your health care provider if symptoms worsen

**No:**

Your child should **go to school**

**NOTE:** If your student develops emergency warning signs for COVID-19 get medical attention immediately. Signs include:

- Difficulty breathing or shortness of breath
- Persistent pain or pressure in the chest
- New confusion or inability to arouse
- Bluish lips or face

This list is not inclusive. Please consult your medical provider for any other symptoms that are severe or concerning.

Adapted from Kui Hew Len, NASN

Created 7/22/2020